**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ (၁၇.၉.၂၀၁၈) ရက်နေ့တွင် နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးလင်းအောင်ဆွေ တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“ တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူအသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို ပေးပို့လာပါတယ်။ ယခု ဦးလင်းအောင်ဆွေ က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ရိုသေလေးစားစွာဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ **“တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချနေရာများသို့ တာဝန်ရှိသူအသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး”** ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်နယ်လွှတ်တော်သို့တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် အချို့သော လူမျိုးစုငယ်များအား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့မှ ကူညီပံ့ပိုး စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ပြီး အဲ့ဒီအစည်းအဝေး စတုတ္ထနေ့မှာ ကျွန်တော်အပါအဝင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့က ထောက်ခံဆွေးနွေးခဲ့ကြတဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်မှာ မဲခွဲဆုံးဖြတ်ပြီး အတည်ပြုချက်ရယူခဲ့ပြီး ဖြစ်ပါတယ်။

အဲ့ဒီအဆိုအောင်မြင်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်နေ့မှာပဲ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးပြီးတိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့တာဟာ တိုင်းရင်းလူမျိုးများအနေနဲ့ သူတို့ရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းအစဉ်အလာ ဖော်ထုတ်ပြသခွင့်ရလို့များစွာ ဂုဏ်ယူဝမ်းမြောက်ခဲ့ကြသလို ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များကလည်းများစွာ ကြည်နူးပီတိကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ယခု ဒီအဆိုကို တင်သွင်းရခြင်းကတော့ ကျွန်တော်တို့ရဲ့နမ့်စန်မြို့နယ်ဒေသတစ်ခုက ဖြစ်စဉ်တစ်ခုကို အခြေခံပြီး အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ အဲ့ဒီဖြစ်စဉ်ကတော့ လူပုဂ္ဂိုလ်တစ်ယောက်က ဒေသခံတိုင်းရင်းသားတွေရဲ့ လပြည့်လကွယ်ည ဓလေ့ထုံးတမ်းအစဉ်အလာ လှုပ်ရှားမှုကို Facebook Social Media ကနေ Video Live လွှင့်ပြီး အသိဉာဏ်ဆင်ခြင်တုံတရားမဲ့စွာ ပြောဆို Live လွှင့်ခဲ့တာကြောင့် Online ပေါ်မှာ အဆိုပါတိုင်းရင်းသားများရဲ့ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာကို ပြင်းထန်စွာ ထိုခိုက်နစ်နာစေခဲ့ပါတယ်။ ဒီဖြစ်စဉ် ဖြစ်ပွားခဲ့လို့ ဒေသခံတိုင်းရင်းသားတွေ ဂုဏ်သိက္ခာကို ညှိုးနွမ်းသိမ်ငယ်စေခဲ့တဲ့အထိ ထိခိုက်သက်ရောက်စေခဲ့ပါတယ်။

ဒီဖြစ်စဉ်ကြောင့် အဲ့ဒီဒေသတိုင်းရင်းသားတွေဟာ တောထဲတောင်ထဲ တောင်ယာ၊ ထင်းခွေ၊ မှိုရှာ၊ မျှစ်ရှာ၊ အသီးအနှံခူးဖို့ မဝံ့မရဲဖြစ်ကြရပါတယ်။ ရွာအနီးအနားသွားလို့ သူခြားသူစိမ်းသူတွေတွေ့ရင်တောင် အပြောခံ၊ အထင်ခံ၊ ရန်ပြုခံရမှာကိုလဲ စိုးရိမ်ကြောက်ရွံ့ခဲ့ကြရပါတယ်။ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ ဝတ်ဆင်နေထိုင်သွားလာမှုကို ထိခိုက်ခဲ့ရလို့ သူတို့မှာ ဒီလိုဝတ်ဆင်နေထိုင်ဖို့ စိုးရွံ့မှုတွေရှိနေခဲ့ကြရပါတယ်။ သူတို့ခံစားချက်ကို ပြောပြလို့ နားထောင်မိတဲ့

သူတိုင်း စာနာစိတ်နဲ့ သနားဂရုဏာ ဖြစ်ကြရပါတယ်။ သူ့တို့ပြောပြတဲ့ အားငယ်မှုတွေဟာ အများကြီးပါ။ ဒီဖြစ်စဉ်ကြောင့် ကျွန်တော်အပါအဝင် ဒေသအာဏာပိုင်တွေ၊ လူမှုအသင်းအဖွဲ့တွေက အဲ့ဒီနေရာကို သွားရောက်ပြီး ကိုယ်ချင်းစာစိတ်နဲ့ နှစ်သိမ့်မှုတွေ၊ မိရိုးဖလာရိုးရာ ယဉ်ကျေးမှုတွေကို ရိုးရာမပျက် အစဉ်အလာ ထိန်းသိမ်းပြီး ဆက်လက်လုပ်ဆောင်နိုင်ဖို့ အားပေးကူညီဖေးမမှုတွေ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခဲ့ပါတယ်။ နောင်လဲမကြာခဏ သွားရောက်ဖြစ်မှာ ဖြစ်ပါတယ်။

ဒီဖြစ်စဉ်ကို အခြေခံပြီး ရှမ်းပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုများအတွက် ရှမ်းပြည်နယ်ရဲ့ အစိုးရအဖွဲ့၊ လွှတ်တော်၊ လွှတ်တော်ရေးရာကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း တာဝန်ရှိသူ အသီးသီးက ပြည်ထောင်စုစိတ်ဓာတ်နဲ့ အရင်းခံပြီး တိုင်းရင်းသားလူမျိုး အသီးသီးအတွက် တစ်အူတုံဆင်းညီရင်းအစ်ကို မိသားစုသဖွယ် ချစ်ကြည်ရင်းနှီးပြီး အချင်းချင်းရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ဖို့ ယခုထက်ပိုပြီး အလေးအနက်ထားရတော့မှာ ဖြစ်ပါတယ်။ ပြည်တွင်းက ဒီပြဿနာလောက် ဖြစ်ခဲ့တယ်ဆိုပေမယ့် တိုင်းတစ်ပါးက မနာလိုမရှုစိမ့်သူ အချို့ကသာ ကျွန်တော်တို့ ပြည်ထောင်စုနွယ်ဖွား တိုင်းရင်းလူမျိုးတစ်ရပ်ရပ်ကို ထိပါးလာခဲ့ရင် ဒီထက်ပိုပြီး ရင်လေးစရာ ဖြစ်လာမှာပါ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များပါ "ပုဒ်မ ၃၄၇။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။ ပုဒ်မ ၃၄၈။ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရ။ ပုဒ်မ ၃၅၄။ (ဃ) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိချစ်ခင် မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်" စတဲ့ အချက်များနဲ့ အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်းအားလုံး သိရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ သူ့ရိုးရာ၊ သူ့ဓလေ့၊ သူ့ယဉ်ကျေးမှုတွေနဲ့ လှပပြီး

ချစ်စရာကောင်းတဲ့ ရိုးသားဖြူစင်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေ အများအပြား တည်ရှိနေထိုင်ကြတာ ဖြစ်ပါတယ်။ ဒီတိုင်းရင်းသားတွေထဲက မြို့ပြနဲ့ အလှမ်းကွာဝေးတဲ့ ကျေးလက်တောရွာနေ ဒေသခံတိုင်းရင်းသားပြည်သူတွေဟာ အချို့ဒေသတွေမှာ ရောယှက်နေထိုင်ကြပေမယ့် အချို့က လူမျိုးတစ်စုချင်း နေထိုင်ကြရပါတယ်။ မြို့ပြနှင့် အလမ်းကွာဝေးတဲ့ မိမိတိုင်းရင်းသားလူမျိုးတို့ရဲ့ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာအရ အေးချမ်းပျော်ရွှင်စွာ ပြုမူ ကျင့်ကြံနေထိုင်မှုတို့ကို နောင်အခါ Social Madia တစ်ခုခုကနေ မသမာသူတွေ ထိုးနှက်တိုက်ခိုက်မှု မည်သည့်နည်းလမ်းနဲ့မျှ ထိခိုက်စေသော ညှိုးငယ်စေသော အပြုအမူအပြောအဆို အရေးအသား ဆောင်ရွက်မှုတွေ မရှိစေ ရေး ပိုမိုထိရောက်သော အကာအကွယ်ပေးနိုင်ရေး၊ ဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်းဖော်ပြ ပြဋ္ဌာန်းနိုင်ရေး လိုအပ်နေပြီ ဖြစ်ပါတယ်။

ဒီအပြင် အဆိုပါ မြို့နယ်အသီးသီးက မြို့ပြနဲ့ အလှမ်းကွာဝေးတဲ့ ဒေသခံ ပြည်ထောင်စုဖွား တိုင်းရင်းသားနွယ်ဖွား လူမျိုးစုများ အခြေချနေထိုင်ရာနေရာ ကျေးရွာနေရာများကို အစိုးရ၊ လွှတ်တော်၊ ရေးရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံ့ဝန်ထမ်း၊ ဌာနဆိုင်ရာအသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်းပြီး သူတို့ရဲ့ ရိုးရာဓလေ့တွေကို ပိုမိုပေါ်လွင်ထင်ရှားအောင် မြေတောင်မြှောက်ဖို့ သူတို့ရဲ့ လူနေမှုဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်ဖို့၊ သူတို့နေထိုင်ရာ ဒေသလေးတွေမှာ သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ခိုင်မာအခွန့်ရှည် တည်တံ့ဖို့ စဉ်ဆက်မပြတ်ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းလိုပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ **“တိုင်းရင်းသားလူမျိုးစု၏ ဓလေ့ထုံးတမ်း အစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေး နှင့် တိုင်းရင်းသားလူမျိုးများ၏ အခြေချနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး”** တိုက်တွန်းကြောင်း အဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေး ရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိလျှင် အမည်စာရင်း တင်သွင်းနိုင် ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဦးလင်းအောင်ဆွေ တင်သွင်းတဲ့ **"တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာ နေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လေးလေးနက်နက် ထောက်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးလင်းအောင်ဆွေ တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာ နေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"**အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူ မှာဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးလင်းအောင်ဆွေ တင်သွင်းသည့် အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။

နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေ တင်သွင်းသော အဆိုကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (အင်္ဂါနေ့)တွင် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့(၁၈.၉.၂၀၁၈)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် ၊ မဲဆန္ဒနယ် အမှတ်(၁)၏ “ **တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာ များကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူအသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း**” အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်(၃)ဦး က ဆွေးနွေး ဖို့ အမည်စာရင်းပေးထားပါတယ်။

ပထမဦးစွာ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊နမ့်ဆန်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၊ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့တွင် တင်သွင်းသော နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏“**တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်း အစဉ်အလာ ရိုးရာယဉ်ကျေး မှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချ ရာနေရာများသို့ တာဝန်ရှိသူအသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး**

**ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း**” အဆိုနှင့် စပ်လျဥ်း၍ ကျွန်တော် နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းက ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးသော ပြည်နယ်တစ်ခုဖြစ်သည့်အားလျော်စွာ လူမျိုးပေါင်းစုံ နေထိုင်သည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါတယ်။ လူမျိုးပေါင်းစုံနေထိုင်ကြသည့် အားလျော်စွာ မတူကွဲပြားသော ယဥ်ကျေးမှု ဓလေ့ထုံးတမ်းစဥ်လာ ဘာသာစကားလည်းရှိသလို မတူညီသော ဆင်းသက်လာပုံ သမိုင်းကြောင်းလည်းရှိကြမှာ အမှန်ဖြစ်ပါတယ်။ အဆိုပါလူမျိုးစုတို့သည် ရှေးပဝေသဏီကတည်းက အေးအတူပူအမျှ ဥမကွဲသိုက်မပျက် နေထိုင်လာကြသည်မှာ ယနေ့ထိတိုင် ဖြစ်ပါတယ်။ မည်သည့်လူမျိုးမဆို ကိုယ့်ယဥ်ကျေးမှု ထုံးတမ်းစဥ်လာများကို ချစ်ခင်မြတ်နိုးသည့်စိတ် ထိန်းသိမ်းလိုသည့်စိတ်များ ရှိကြမှာ အမှန်ပင်ဖြစ်ပါတယ်။ ဥပဒေရေးရာမှာလည်း “တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုးသို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုသော်လည်းကောင်း၊ အခြားဘာသာ သာသနာကိုသော်လည်းကောင်း၊ ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဥ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်” ရှိသည်ဟူ၍ ပြဋ္ဌာန်းပါရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာလူမျိုး၏ ရိုးရာယဥ်ကျေးမှု ဓလေ့ထုံးတမ်းများကို မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းရေးတွင် သက်ဆိုင်ရာလူမျိုးများ၏ မွေးရာပါ တာဝန်တစ်ရပ်ဖြစ်သလို နိုင်ငံတော်မှလည်း ဥပဒေပြဋ္ဌာန်းပြီး အကာအကွယ်ပေးထား ပြီးလည်း ဖြစ်ပါတယ်။ မိမိလူမျိုးစု၏ ဓလေ့ထုံးတမ်းကို ထိန်းသိမ်းသကဲ့သို့ အခြားသော လူမျိုးစုရဲ့ ယဥ်ကျေးမှုကို ဝေဖန်ခြင်း၊ အပြစ်တင်ခြင်း မပြုသင့်ပါ။

အဆိုရှင် ဦးလင်းအောင်ဆွေ စာတမ်းမှာပါရှိတဲ့ နမ့်စန်မြို့နယ်ရဲ့ ဒေသတစ်ခုက လူမျိုးစုဖြစ်စဥ်မှာ အဲ့ဒီဒေသခံလူမျိုးရဲ့မိရိုးဖလာ ယဥ်ကျေးမှုအစဥ်အလာအရ လပြည့်၊ လကွယ်နေ့ တွေမှာ ပြုလုပ်နေကျ၊ ဆင်ယင်ကျင်းပနေကျ ရိုးရာပွဲလမ်းသဘင်ပဲဖြစ်ပါတယ်။ ဒါကို ဂဃနဏမသိဘဲ၊ သေချာစွာမလေ့လာဘဲ အပြင်ပန်းကြည့်ပြီး Online ကနေ Live ထုတ်လွှင့် ပြသတဲ့အပြင် ဝေဖန်အပုပ်ချရေးသားပြောဆိုခြင်းသည် သက်ဆိုင်ရာလူမျိုးစုကို စော်ကားရာ ကျသည့်အပြင်

၎င်းလူမျိုးစုငယ်ရဲ့ ဂုဏ်သိက္ခာသိမ်ငယ်စေပြီး စိတ်ဒဏ်ရာလည်းရစေပါတယ်။ အဲ့ဒီအပြုအမူများကြောင့် အဆိုပါလူမျိုးစုငယ်များသည် လူပုံအလယ်တွင် မသွားရဲမလာရဲလောက်အောင်၊ မျက်နှာမပြရဲလောက်အောင် ဖြစ်စေပါတယ်။ အဆိုးဆုံးကတော့ သူတို့ဘိုးဘေးစဉ်ဆက်က ထိန်းသိမ်းလာခဲ့တဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေကို ပြောင်းလဲချင်တဲ့အထိဖြစ်စေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းပါရှိပြီး ဖြစ်ပါတယ်။ အထက်က ဖော်ပြခဲ့တဲ့ ဦးလင်းအောင်ဆွေရဲ့ ဒေသက လူမျိုးစုငယ်တစ်စုရဲ့ ဖြစ်စဉ်မှာ လူမျိုးစုငယ်သည် ပညာရည် လွန်စွာနိမ့်ပါးခဲ့၍ မဖွံ့ဖြိုးသေး၍ အခြားလူများ စော်ကားသမှုပြုခြင်းခံရတယ်လို့ ယူဆပါတယ်။ နိုင်ငံတော်ရဲ့ မူဝါဒအရပညာရည်နိမ့်ပါးနေတဲ့ ၎င်းလူမျိုးစုငယ်များရဲ့ လူမှု၊ စီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် အပြည့်အဝအကူအညီပေးရမည့် တာဝန်သည် သက်ဆိုင်ရာအစိုးရအဖွဲ့၏ တာဝန်ဖြစ်သည်ဟုယူဆပါတယ်။ ၎င်းအပြင် မည်သည့်တိုင်းရင်းသားမဆို မိမိတို့ရဲ့ ယဉ်ကျေးမှု ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပမည်ဆိုပါက အတားအဆီးမရှိ ခွင့်ပြုပေးဖို့နဲ့ လိုအပ်တဲ့ငွေကြေးများပါ အစိုးရမှ ပံ့ပိုးပေးဖို့ တာဝန်ရှိပါတယ်။

အထက်ကဖော်ပြခဲ့တဲ့ လူမျိုးစုငယ်သည် မိမိတို့ မြန်မာနိုင်ငံက နိုင်ငံသားပင် ဖြစ်ပါတယ်။ နိုင်ငံသားဖြစ်သည့်အားလျော်စွာ ဥပဒေကပြဋ္ဌာန်းထားတဲ့အတိုင်း **“ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင်တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ရှိစေရမည်”** ဟုဆိုသည့်အတိုင်း ဥပဒေအရာမှာ တန်းတူညီမျှသည့် အခွင့်အရေး ရရှိစေလိုပါသည်။ ဒါကြောင့် ၎င်းလူမျိုးစုငယ်ရဲ့ ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်တဲ့ ပုဂ္ဂိုလ်တွေကိုလည်း ထိရောက်စွာအရေးယူသင့်ပါတယ်လို့ တင်ပြရင်း နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေရဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော် က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တိုင်းရင်းသား လူမျိုးများ အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူးတာဝန်ကို ဆောင်ရွက်နေရတဲ့အတွက် ကော်မတီ ရဲ့ကိုယ်စား တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ **“ တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်း အစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေးတိုက် တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားတွေ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားတွေဟာ အတိတ် သမိုင်းကြောင်း အခြေအနေတွေကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှစ်မတွေကြား သံသယတွေ ဖြစ်ပွားခဲ့ကြတယ်။ အခွင့်အရေးတွေ တန်းတူမရရှိဘူးလို့ ထင်မြင်ကြပါတယ်။ ပဋိပက္ခတွေ ဖြစ်ပွား ခဲ့ကြရပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးတွေ တန်းတူညီမျှ ရရှိဖို့ အတွက် တိုင်းရင်းသားများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေကို ၂၀၁၅ ခုနှစ် ၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့မှာ ပြဋ္ဌာန်းခဲ့သော်လည်း အဲဒီဥပဒေဟာ တိုင်းရင်းသားပြည်သူတွေကြား မှာ အသက်ဝင်ခြင်း၊ စိမ့်ဝင်ပြန့်နှံ့ နားလည်သဘောပေါက်ပြီး ကျင့်သုံးနိုင်ခြင်း မရှိခဲ့သေးတာတွေ ကွင်းဆင်းအတွေ့အကြုံအရ သိရှိခဲ့ရပါတယ်။

မိမိတို့ တိုင်းရင်းသားလူမျိုးများ အနေနဲ့လည်း ဝန်ကြီးဌာနရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ တိုင်းရင်းသားတွေရဲ့ စာပေနှင့်ယဉ်ကျေးမှုတွေကို ထိန်းသိမ်းမြှင့်တင်မယ်၊ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်မယ်၊ ဒီလိုဆောင်ရွက်ခြင်းဟာ တိုင်းရင်းသားတွေ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာလာပြီး တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝမြင့်မားတိုးတက်ဖို့ ဖြစ်ပါတယ်။

အခွင့်အရေးဆိုတာကလည်း ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေနဲ့အညီ တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်ပဲ ဖြစ်ပါတယ်။အခွင့်အရေးကို ရယူမယ်ဆိုရင် တာဝန်လည်း တွဲပါလာမယ်ဆိုတာ သိရှိဖို့လည်း လိုမှာဖြစ်ပါတယ်။အခွင့်အရေးနဲ့ တာဝန်ကို ဒွန်တွဲပြီး တူညီတဲ့တန်ဖိုးထားမှပဲ မိမိတို့ရဲ့ လူ့အသိုက်အဝန်းဟာ တိုးတက်လာမှာ ယုံကြည်ပါတယ်။

ဆက်လက်ပြီး နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ အဆိုမှာပါရှိတဲ့ လပြည့်လကွယ်ည ဓလေ့ထုံးတမ်းအစဉ်အလာ လှုပ်ရှားမှုကို Facebook Social Media ကနေ Video Live လွှင့်ပြီး အသိဉာဏ် ဆင်ခြင်တုံတရားမဲ့စွာ Live လွှင့်ခဲ့တာကြောင့် Online ပေါ်မှာ အဆိုပါ တိုင်းရင်းသားများရဲ့ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာကို ပြင်းထန်စွာ ထိခိုက်နစ်နာစေခဲ့တဲ့အဖြစ်ကို ရှောင်ရှားနိုင်အောင် တာဝန်ရှိသူများအနေနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ (၁၀၈)ကျော် နေထိုင်လျက်ရှိသော မျိုးနွယ်စုများအလိုက် ဓလေ့ထုံးစံယဉ်ကျေးမှုများ စုံလင်စွာပါရှိသော ရိုးရာပွဲတော်၊ အခမ်းအနား၊ တေးဂီတများ၊ ရိုးရာပုံပြင်များ၊ သဘာဝနှင့် စကြာဝဠာဆိုင်ရာ ဗဟုသုတ(လပြည့်လကွယ်နက္ခ၊ ဗေဒင်)နှင့် ရိုးရာအစဉ်အလာဓလေ့များ၊ ရိုးရာပန်းချီ၊ ပန်းပု၊ တိုင်းရင်းဆေးပညာများ၊ ဝတ်စားဆင်ယင်မှုနှင့် အဝတ်အစားများ၊ ရိုးရာဗိသုကာ ပညာ၊ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသော ယာဉ်ကအစ ရိုက်ကူးရေး အစီအစဉ်ဖြင့် ကျယ်ကျယ် ပြန့်ပြန့် လူမျိုးတစ်မျိုးနှင့် တစ်မျိုးအကြား စိမ့်ဝင်ပြန့်နှံ့နိုင်အောင် Budget တစ်ခု ထူထောင် သင့်သည်ဟု ထင်မြင်ယူဆပါတယ်။ ထို့အပြင် ရှမ်းပြည်နယ်အနေနဲ့လည်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ ဦးစီးဌာနရုံးများ ဖွင့်လှစ်ဆောင်ရွက်မည်ဆိုပါက ပိုမိုမြန်ဆန်ထိရောက် အောင်မြင်နိုင်မယ်လို့လဲ ဖြည့်စွက်တင်ပြထောက်ခံဆွေးနွေးလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါမှလည်း နယ်စွန်နယ်ဖျားရှိ တိုင်းရင်းသားများ ပိုမိုပညာသင်ကြားနိုင်ခွင့် / အခွင့်အရေးများ၊ Teaching Assistant ပိုမို ခန့်အပ်ပေးနိုင်ရေးနှင့်ကျန်းမာရေး ဆိုရင်လည်း အချိန်မီကုသရေး၊ ကြိုတင်ကာကွယ် ဆေးအချိန်မီ ထိုးနှံပေးနိုင်ရေး၊ မရှိမဖြစ် အထူးလိုအပ်နေသော နိုင်ငံသားမှတ်ပုံတင်စိစစ်ရေးကတ်ပြားများ၊ သန့်ရှင်းသော သောက်သုံးရေ၊ လျှပ်စစ်မီးများပါမကျန်၊ စီးပွားရေးဆိုင်ရာဒေသထွက် သယံဇာတ အကျိုးအမြတ်၊ ရိုးရာလက်မှုပညာပစ္စည်း ဈေးကွက်များပါရရှိလာသည်နှင့်အမျှ စိတ်ပိုင်းဆိုင်ရာရော/

ရပ်ပိုင်းဆိုင်ရာပါ ပိုမိုဖွံ့ဖြိုးလာပြီး၊ ဖွံ့ဖြိုးမှုနှင့် ဒွန်တွဲနေသော ငြိမ်းချမ်းရေးပါ ဒီထက်မက ရရှိနိုင်မည်လို့ မျှော်လင့်ရင်း နမ့်စန်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ အဆိုကို ထောက်ခံဆွေးနွေး တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်လှသိန်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်လှသိန်း၊ဆီဆိုင်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်းရိုသေလေးစားစွာနှင့် ဆုတောင်းမေတ္တာပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ **“ တိုင်းရင်းသား လူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ် ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးအတူတကွ နေထိုင်လျက်ရှိတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် နေထိုင်ခဲ့ ကြသောလူမျိုးများကို ဆိုလိုပါသည်။ ယင်းစကားရပ်တွင် နိုင်ငံသား ပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသား များမပါဝင်ဟု၂၀၁၅ ခုနှစ် ၊ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၈၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ အခန်း (၁)၊ ပုဒ်မ(၂)၊အပိုဒ်ခွဲ(က)တွင် ပြဋ္ဌာန်းထား ပါတယ်။ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေမှာ ဘာသာရေးဆိုင်ရာ၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ယဉ်ကျေးမှုပွဲလမ်းသဘင်၊ ဘာသာ စကား၊ စာပေအရေးအသား၊ မိမိတိုင်းရင်းသားတွေရဲ့သမိုင်းတွေ၊

မိမိတို့ရဲ့ရပ်ရွာနာမည်တွေ ၊ နယ်မြေအခေါ်အဝေါ်တွေ၊ လူပုဂ္ဂိုလ်အမည်နာမတွေစသဖြင့် ၎င်းတို့ လူမျိုးအသီးသီးမှာ ကြန်အင်လက္ခဏာအဖြစ် ဖော်ထုတ်အသုံးပြုလျက်ရှိကြပါတယ်။ ဒါတင်မကဘဲ တိုင်းရင်းသားဒေသ အသီးသီးတွေမှာလည်း ယဉ်ကျေးမှုဆိုင်ရာဖြစ်တဲ့ ရှေးဟောင်းသမိုင်းဝင် ဘူမိ နက်သန်နယ်မြေတွေ၊ အရာဝတ္ထုပစ္စည်းတွေကို သုတေသနပြုစာပေ၊ သုခုမ အနုပညာမျိုးစုံနှင့် ထိန်းသိမ်း ကာကွယ်ခြင်း၊ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်းတွေကို အတိတ်၊ ပစ္စုပ္ပန်သာမကဘဲ အနာဂတ်အတွက်ပါ နိုင်ငံ့ဂုဏ်ကို ထိန်းသိမ်းဆောင်ရွက်နေကြတာလည်း သိရှိကြလိမ့်မည်ဟု ယုံကြည်ပါတယ်။ ဒါကြောင့် မတူကွဲပြားကြတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ ရိုးရာအစဉ်အလာ၊ သမိုင်းကြောင်းတွေကို တိုင်းရင်းသားများရဲ့ ဂုဏ်သိက္ခာအခွင့်အရေးသဖွယ် အသိအမှတ်ပြုပြီး ပြည့်ပြည့်စုံစုံထင်ဟပ်စေဖို့ အစိုးရအနေနဲ့ သင့်တင့်လျောက်ပတ်တဲ့ တွန်းအား ပေးမှုတွေပြုလုပ်ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ ဒီအကြောင်းအရာဟာ လည်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ အခန်း(၆)၊ ပုဒ်မ(၁၄)မှာ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာ ဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်ဟု ဖော်ပြပါရှိပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများအတွက် ဖွံ့ဖြိုးရေး ဆိုင်ရာအခွင့်အရေး ကျင့်သုံးဆောင်ရွက်တဲ့နေရာမှာလည်း အထူးသဖြင့် တိုင်းရင်းသားတို့ရဲ့အပေါ် တိုက်ရိုက်သက်ရောက်နိုင်တဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဘဝ ဖွံ့ဖြိုးရေးအပါအဝင် ဌာနဆိုင်ရာတွေမှာ လျော်ညီတဲ့အဆင့်နဲ့ ပါဝင်ခွင့်တွေကို တိုင်းရင်းသားတိုင်း ခွဲခြားဆက်ဆံခြင်း မရှိဘဲ ရရှိခံစားပိုင်ခွင့်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်သလို ဆောင်ရွက်ပေးခြင်းဖြင့် ကျင့်သုံး အသိအမှတ်ပြုပေးစေလိုပါတယ်။ တိုင်းရင်းသားတိုင်းဟာ အမိနိုင်ငံကို ချစ်မြတ်နိုးကြပါတယ်။ ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်တာ မြင်လိုကြပါတယ်။ တည်ငြိမ်အေးချမ်းတဲ့ ဘဝမျိုးကို ပိုင်ဆိုင်လိုကြ တယ်ဆိုတာ ငြင်းလို့မရတဲ့ အမှန်တရားတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ လူမျိုးအရသော်လည်းကောင်း၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုအရသော်လည်း ကောင်း၊ သီးခြားကွဲပြားတဲ့ ဓလေ့ထုံးတမ်းတွေရှိကြပေမဲ့ အချင်းချင်း အသိအမှတ်ပြု လေးစားပြီး

အတူလက်တွဲ နေထိုင်လာခဲ့ကြတာဖြစ်ပါတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် အတွက် စုံလင်လှသော အကြောင်းတရားအားလုံးကို ခြုံငုံသုံးသပ်နိုင်ပါမှ မှန်ကန်သောအဖြေဆိုတာ ရရှိနိုင်မှာဖြစ်သလို ဖြစ်စဉ်ဖြစ်ရပ်သမိုင်းကြောင်းတွေဟာ နောင်အနာဂတ်အတွက် သင်ခန်းစာရယူဖို့ နှင့် အမှားပြင်ဆင်ဖို့ လက်နက်ကောင်းတစ်ခုလို့ ယုံကြည်ရင်း ကျွန်တော့်အနေဖြင့် နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ရဲ့ **“ တိုင်းရင်းသား လူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာ နေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလင်းအောင်ဆွေ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ထောက်ခံဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုနဲ့ ပတ်သက်ပြီး ပြန်လည်ရှင်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော့်အနေနဲ့ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ **“ တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ပိုမိုထိရောက်သော အကာအကွယ်ပေးရေးနှင့် တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ် ထိတွေ့ကွင်းဆင်း ဆောင်ရွက် ပေးနိုင်ရေး တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် တိုင်းရင်းသားစာပေယဉ်ကျေးမှုဦးစီးဌာန အနေဖြင့် တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို အကာအကွယ်ပေးနိုင်ရန် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေတွင် အခန်း (၉)ခန်းနှင့် ပုဒ်မ ၃၄ ခုပါဝင်ပါသည်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အခန်း (၃) တွင် ဖော်ပြထားပြီး ပုဒ်မ ၄ (က) တွင် **"မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည်"**ဟူ၍လည်း ပါရှိပါသည်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ အခန်း (၇)တွင် "**တားမြစ် ချက်များ"** ဟူ၍ ပုဒ်မ ၂၂၊ ၂၃၊၂၄ တို့ဖြင့် ဖော်ပြထားပါသည်-

**ပုဒ်မ ၂၂။** မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပိတ်ပင်တားဆီးခြင်း မပြုရ။

**ပုဒ်မ ၂၃။** မည်သူမျှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံရေးကိစ္စအလို့ငှာ အလွဲသုံးစား မပြုလုပ်ရ။

**ပုဒ်မ ၂၄။** မည်သူမျှ တိုင်းရင်းသားလူမျိုးများအချင်းချင်း မုန်းတီးခြင်း၊ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးကို ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူများကို မပြုလုပ်ရ။

အခန်း (၈)တွင် "**ပြစ်ဒဏ်များ**" ဟူ၍ ပုဒ်မ ၂၅၊ ၂၆၊၂၇ တို့ဖြင့် ဖော်ပြထားပါသည်-

**ပုဒ်မ ၂၅။** မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၂၆။** မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၂၇။** မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း (၉)တွင် "**အထွေထွေ**" တွင် ပုဒ်မ ၂၈မှ ၃၄ အထိပါဝင်ရာ-

**ပုဒ်မ ၃၁။** "ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်"

**ပုဒ်မ ၃၃။** "ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်" ဟူ၍ ပါရှိပါသည်။

အထက်ဖော်ပြချက်များအရ တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်း အစဉ်အလာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ထိပါးတိုက်ခိုက်လာပါက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေဖြင့် တားဆီးအပြစ်ပေး အရေးယူနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

ထို့အပြင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်အရ Facebook Social Media မှ Video Live လွှင့်ခြင်းနှင့်ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးဥပဒေ (Cyber Law) အရ လူမှုကွန်ယက်ပေါ်တွင် ကာယကံရှင်၏ ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုက်ခိုက်ခြင်း တွေ့ကြုံလာပါက ကာယကံရှင်ကိုယ်တိုင် ခိုင်လုံသော အထောက်အထား (Electronic Record)ဖြင့် တရားစွဲဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ သတင်းနှင့် နည်းပညာဌာနမှ ထုတ်ပြန်ထားပါသည်။ ထိုသို့တိုင်ကြားမှုများအတွက် ဖုန်းနံပါတ် -၀၆၇၄၀၇၁၈၅ (Cyber Police)သို့

လည်းကောင်း၊ သက်သေအထောက်အထား ခိုင်လုံပါက သက်ဆိုင်ရာမြို့နယ်တရားရုံးနှင့် နယ်မြေရဲစခန်းများတွင် ဆက်သွယ်ရေးဥပဒေ (Myanmar Cyber Law)ဖြင့်လည်းကောင်း ဦးတိုက်လျှောက်ထားနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်၍ တိုင်းရင်းသားများ၏ အခြေချရာနေရာများသို့ တာဝန်ရှိသူ အသီးသီးက စဉ်ဆက်မပြတ်ထိတွေ့ကွင်းဆင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး အနေဖြင့် ၂၀၁၈ ခုနှစ် ၊ မေလအတွင်းတွင် ရုံးချုပ်၏ ခွင့်ပြုချက်ဖြင့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ နောင်အင်ကျေးရွာ၌ နေထိုင်သော “ထနော့” တိုင်းရင်းသား အဖွဲ့ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ပျောက်ကွယ်လုနီးပါး ဖြစ်နေသော “ထနော့” တိုင်းရင်းသားမျိုးနွယ်စု၏ ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရိုးရာလက်မှု ပညာ၊ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းများအား မှတ်တမ်းတင်ရိုက်ကူးနိုင်ရေးအတွက် အကြိမ်ကြိမ် သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။ ၂၀၁၈ခုနှစ်၊ ဇွန်လအတွင်းတွင် ကလောမြို့နယ်၊ အောင်ပန်းမြို့၊ တောင်ပို့လှကျေးရွာတွင်နေထိုင်သော “ထနော့” တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့်လည်း မှတ်တမ်းတင်ရိုက်ကူးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် သွားရောက်တွေ့ဆုံဆွေးနွေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့ဖြင့် ရိုက်ကူးရေးကို ဆောင်ရွက်နိုင်ခဲ့ပြီး ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့နှင့်အတူ “ထနော့” တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုမပျောက်စေရေး ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။ လားရှိုးမြို့ရှိ မြောင်ဇီးတိုင်းရင်းသားများနှင့်တွေ့ဆုံခဲ့ပြီး မှတ်ပုံတင်ရရှိရေးအတွက် ကူညီဆွေးနွေးခဲ့ပါသည်။ ကွယ်ပျောက်ပြီဟု ယူဆရသော “ကွီ” တိုင်းရင်းသားများကို တွေ့ရှိပြီးဖြစ်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ဆက်လက်၍ လောက်ကိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့ပူးပေါင်း၍ လောက်ကိုင်မြို့နယ်၊ မူးယစ်ဆေးဝါးသုံးစွဲသူ ဆေးကုသမှုနှင့် ပြန်လည်ထူထောင်ရေးအတွက် နှစ်ကြိမ်တိုင်တိုင် ကွင်းဆင်းခဲ့ပြီး ၁၈-၉-၂၀၁၈ရက်မှစ၍ (၃၅)ရက်တိုင် သင်တန်းသား ဦးရေအယောက် (၃၀)ဦးအားပြန်လည်ထူထောင်ရေး

လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ အနေဖြင့် "ထနော့" တိုင်းရင်းသားမျိုးနွယ်စု၏ "စာပေနှင့် ယဉ်ကျေးမှုကော်မတီ" ဖွဲ့စည်းနိုင်ရေးနှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေကို သိရှိနိုင်ရန် ၎င်းတို့ နေထိုင်ရာကျေးရွာများ၌ လည်းကောင်း၊ ဌာန၌လည်းကောင်း တွေ့ဆုံဆွေးနွေး ကာ အကြံပြုချက်များပေးလျက်ရှိပါသည်။ ရုံးချုပ်မှလည်း ပြည်နယ်ဌာနခွဲအတွက် ဘတ်ဂျက် လွှဲပြောင်းပေးခြင်း မရှိသေးပါသဖြင့် ခရီးစရိတ်နှင့် လစဉ်အသုံးစရိတ်များအား ဦးစီးဌာန(ရုံးချုပ်)သို့ ညှိနှိုင်းတင်ပြပြီး ရုံးချုပ်၏ ခွင့်ပြုချက်ရရှိမှသာ သွားရောက်ကွင်းဆင်း လေ့လာနိုင်မည် ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသား ပြတိုက်ဦးစီး ဌာန အနေဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

(၁) တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများကို အစွန့်ရှည်တည်တံ့စေရေး အတွက် ကာကွယ်စောင့်ရှောက်ခြင်း၊ သုတေသနပြုခြင်းနှင့် တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ခြင်းတို့ကို စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက် ခြင်း၊

(၂) တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုး တန်ဖိုးထားလိုသော စိတ်ဓာတ်များဖြစ်ပေါ်ရန် အသိပညာပေးခြင်း၊

(၃) တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံများကို တိုင်းရင်းသားများ ကိုယ်တိုင် အလေးထား၍ လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၄) တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက် ရေးအတွက် သုတေသနနည်းပညာများ၊ သိပ္ပံနည်းကျပညာများ၊ အနုပညာ ဆိုင်ရာလေ့လာမှုများနှင့် သုတေသနလုပ်ငန်းများဖြင့် အားပေးမြှင့်တင်ခြင်း၊

(၅) အထက်ဖော်ပြပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုကော်မတီများမှ တာဝန်

ရှိသူများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်သည့် ပြည်နယ်အဆင့် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်း မြှင့်တင်ရေး ကော်မတီကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ (၂၆-၇-၂၀၁၈)ရက်စွဲပါ စာအမှတ်(၆၄၃၈)/၅-၁၈၁/အစရ(ရှမ်း)ဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်၏ အဆိုအားအတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်က ဒီအဆိုကို အတည်ပြုရန်သဘောတူတဲ့အတွက် ယခုနမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ တင်သွင်းသော အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေ တင်သွင်းသော အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောမတူတဲ့ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ သဘောမတူတဲ့ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးလင်းအောင်ဆွေ၏ အဆိုအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။